## ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်
## မအူပင်မြို့နယ်
## စစ်ကိုင်းကျေးရွာအုပ်စု၊ ရေကျော်ကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း
# (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)


**စီမံကိန်းပြုစုရေးသားသည့်အဖွဲ့**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊**

**ရေကျော်ကျေးရွာ**

**(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မအူပင်မြို့နယ်၏ အကူအညီဖြင့်ရေးဆွဲပါသည်။)**



**ဇွန်လ ၊ ၂၀၂၅**

## မာတိကာ


မာတိကာ

အတိုကောက်စကားလုံးများ

စကားချီး ၁-၂

ရေကျော်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မအူပင်မြို့နယ် ၃

ရေကျော်ကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ မအူပင်မြို့နယ် ၄

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် ၅

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၆

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၇

(ခ) သဘာဝအရင်းအမြစ်များ ၇

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၇-၉

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၉-၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၂

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၃-၁၄
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၁၅
(၈) ဦးစားပေးစီမံချက်များနှင့်င့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၅-၁၆
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၀
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၁၇-၁၈
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၁၈-၂၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၂၁
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ဝမ်းစာဖူလုံမှု
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
**(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
ဇယား ၁၁ ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားရခြင်း၏ အဓိကအကြောင်းရင်းများ
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား ၂၉ ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄ အဖြစ်များသောရောဂါများ
ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာ
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှု
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ

## အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MCRD | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၅/၂၆ ဘဏ္ဍာရေးနှစ်မှ ၂၀၂၉/၂၀၃၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက် ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီး သော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြ သော်လည်းလူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေး ဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲ ရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက် လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

ဇွန်လ၊ ၂၀၂၅

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရေကျော်ကျေးရွာ
မအူပင်မြို့နယ်

# ရေကျော်ကျေးရွာ၊ စစ်ကိုင်းကျေးရွာအုပ်စု၊ မအူပင်မြို့နယ် ကျေးရွာသယံဇာတပြမြေပုံ



# စစ်ကိုင်းကျေးရွာအုပ်စု၊ ရေကျော်ကျေးရွာရာသီခွင်ပြက္ခဒိန်



ရာသီခွင်ပြ ပြက္ခဒိန်

| စဉ် | လများ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အကြောင်းအရာ | ပြာသို | တပို့တွဲ | တပေါင်း | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် |
| ၁ | ရာသီဥတု | | | | | | | | | | | | |
| ၂ | အလုပ်အကိုင် | | | | | | | | | | | | |
| ၃ | လက်လုပ်လက်စားမိသားစု ဝင်ငွေရရှိမှု | | | | | | | | | | | | |
| ၄ | အသုံးစရိတ် | များ | များ | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | များ |
| ၅ | ဝမ်းစာဖူလုံမှု | ဖူလုံ | ဖူလုံ | ဖူလုံ | | | | | | | ဖူလုံ | ဖူလုံ | ဖူလုံ |
| ၆ | သောက်သုံးရေရရှိမှု | ရရှိ ← | | | | | | | | | | | → ရရှိ |
| ၇ | တိရစ္ဆာန်ရောဂါကူးစက်မှု | | | | | | | | | | | | |
| ၈ | ကျန်းမာရေးအခြေအနေ | | | | | | ရာသီတုပ်ကွေး | ရာသီတုပ်ကွေး | | | | | |
| ၉ | သီးနှံရောဂါကူးစက်မှု | | | | | | | | | | | | |
| ၁၀ | ပွဲတော် | | ထမနဲပွဲ | ဘုရားပွဲ | [illegible] သင်္ကြန် | ညောင်ရေသွန်းပွဲ | – | – | – | – | မီးထွန်းပွဲ | တန်ဆောင်တိုင်ပွဲ | |
| ၁၁ | သဘာဝဘေးအန္တရာယ် | | | | | | | | | | | | |

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊(၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက် လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်း တို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်အောင် ဆောင် ရွက်လာနိုင်မည် ဖြစ်သည်။အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်း များ (CSOs)နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက် ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေ ကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော် တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှု များပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ် နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင် ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု ၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာ တွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံး နှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်း

အနီးများ ပြည့်စုံမှုပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ရေကျော်ကျေးရွာသည် မအူပင်မြို့၏အရှေ့အရပ်တွင် တည်ရှိပါသည်။ ရေကျော်ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော မြေပြန့်ဒေသဖြစ်ပြီး အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေး နှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာသည် မအူပင်မြို့နှင့် (၇.၅)မိုင်ကွာဝေးပြီး မြေပြန့်ဒေသဖြစ်ပါသည်။ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ (၁၁.၄၆”) မှ(၂၁.၅၄”)ဝန်းကျင် တွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

ရေကျော်ကျေးရွာသည် ကျောက်နှင့်သဲ တွင်းထွက်သယံဇာတများ၊ သဘာဝအပင်မျိုးစိတ်များ ရရှိနိုင်မှုမရှိပါ။ ကျေးရွာရှိ ရွာဦးဘုန်းကြီးကျောင်းတွင် အရိပ်ရအပင်များစွာ စိုက်ပျိုးထားရှိသည်ကို တွေ့ရှိနိုင်ပါသည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

ရေကျော်ကျေးရွာအတွင်းရှိ ကျား/မဦးရေမှာ အမျိုးသမီးဦးရေသည် အမျိုးသား ဦးရေထက် လူဦးရေအနည်းငယ်သာ ပိုများပါသည်။ သက်ကြီးရွယ်အို နှင့် ပညာသင်ကြားနေသော ကျောင်းနေအရွယ်အနည်းငယ်သာရှိပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မျှတမှု**

ရေကျော်ကျေးရွာတွင် လယ်စိုက်ပျိုးရေးကို အများဆုံးလုပ်ကိုင်ကြပါသည်။ လယ်နှင့်ခြံလုပ်ငန်း အဓိကလုပ်ကိုင်သူ(၄၀)%၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ(၃၀)%၊ ကျေးရွာတွင် ရာသီအလိုက် နေ့စား (ကျပန်း) အလုပ်လုပ်ကိုင်သူ (၃၀) % ရှိကြောင်း လေ့လာ တွေ့ရှိရပါ သည်။

ရေကျော်ကျေးရွာတွင် ဥစ္စာဓနအခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု(၅)စု၊ အလယ်အလတ်အိမ်ထောင်စု(၃၉)စု၊ဆင်းရဲသောအိမ်ထောင်စု(၂၄၀)စု၊အလွန်ဆင်းရဲသော အိမ်ထောင်စု (၂၀)စု ရှိကြောင်း တွေ့ရှိရပါသည်။ကျေးရွာ၌ ဆင်းရဲမှုများပြီး အလုပ်အကိုင်အခွင့်အလမ်း နည်းပါး ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အိမ်ထောင်စု(၃၀၄)အနက် မြေယာမဲ့ (၂၆)%ရှိကြောင်း၊ စိုက်ပျိုး မြေယာ (၂.၅)ကေအောက်ပိုင်ဆိုင်သူ အိမ်ထောင်စု(၃၂)%ရှိပါကြောင်း၊ စိုက်ပျိုးမြေယာ ကေ(၂.၅)ကေ နှင့် (၅)ကေကြား ပိုင်ဆိုင်သူအိမ်ထောင်စု (၂၈)%ရှိပါကြောင်း၊ စိုက်ပျိုးမြေယာ ကေ(၅) ကေနှင့်(၁၂.၅) ကေကြား ပိုင်ဆိုင်သူအိမ်ထောင်စု(၁၀)%ရှိပါကြောင်း၊ စိုက်ပျိုးမြေယာကေ(၁၂.၅)ကေ အထက် ပိုင်ဆိုင်သူအိမ်ထောင်စု (၄)% ရှိပါကြောင်း တွေ့ရှိရပါသည်။

ရေကျော်ကျေးရွာ၏ လယ်စိုက်ပျိုးရေးသုံး စက်ကိရိယာများ ပိုင်ဆိုင်မှုမှာ ထွန်စက်(၂)စီး၊ လက်တွန်းထွန်စက်(၃၄)စီးနှင့် ရိတ်သိမ်းခြွေလှေ့စက်(၃)စီး၊ ရေစုပ်စက်(၁၃၂)ရှိကြောင်း၊ ကိုယ်ပိုင် မရှိသူများမှ ငှားရမ်း ထွန်ယက်ခမှာ (၁)ကေလျှင်(၇၀၀၀၀)ကျပ် ကျသင့် ကြောင်း၊ ကျေးရွာမှ စုပေါင်း၍ အသုံးပြုရန်အတွက် ရွာပိုင်၊ အဖွဲ့ပိုင် စက်ကိရိယာများမရှိပါကြောင်း ၊ အခြားဝင်ငွေရလုပ်သားများမှာ ရာသီ အလိုက် အလုပ်ရှားပါးမှုရှိသဖြင့် ဝင်ငွေ/ထွက်ငွေ မမျှတ၍ စီးပွားရေးအခက်အခဲ နှစ်စဉ်ကြုံ တွေ့နေရပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ရေကျော်ကျေးရွာတွင် ဥစ္စာဓနအဆင့် ၃’ နှင့် ၄”အိမ်ထောင်စုပေါင်း၏ (၃၀)ရာခိုင်နှုန်းဖြစ်သော ဆင်းရဲသောအိမ်ထောင်စု(၂၁၉)စု၊အလွန်ဆင်းရဲသော အိမ်ထောင်စု(၂၀)စုစုပေါင်း (၂၀)အိမ်ထောင်စု အနက် (၃လ)အောက်ဝမ်းစာဖူလုံသည့် အိမ်ထောင်စု(၂၃)စုရှိပြီး ငွေချေးငှားခြင်း၊ လုပ်အားခကြိုယူခြင်း များဖြင့် ဖြေရှင်းဆောင်ရွက်ကြပါသည်။(၃လ)နှင့်(၆လ)အထိ ဝမ်းစာဖူလုံမှုရှိသော အိမ်ထောင်စုမှာ (၄၈) အိမ်ထောင်စု ရှိပါသည်။

ရေကျော်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီးရွယ်အို(၆၄)နှစ် အထက်(၇)ဦးရှိပါကြောင်း၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၅)ဦးရှိပါကြောင်း၊ အခြားဒေသသို့ကြာမြင့်စွာသွားရောက်လုပ်ကိုင်သော ဆင်းရဲသည့်အိမ်ထောင်စု မရှိပါကြောင်း ၊ကူညီစောင့်ရှောက်မှုအထူးလိုအပ်နေသော အိမ်ထောင်စုမရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ရေကျော်ကျေးရွာတွင် သာမန်ရာသီဖျားရောဂါများမှလွဲပြီး အခြားရောဂါဘယဖြစ်ပွားမှု နည်း ကြောင်း၊ ရာသီတုအလိုက်ဖြစ်တတ်သည့် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုတ်ကွေး၊ နှာစေး ချောင်းဆိုး ရောဂါ ဖြစ်ပွားမှု အနည်းအကျဉ်းရှိသော်လည်း ပျံ့နှံ့ကူးစက်မှုမရှိပါ။

ရေကျော်ကျေးရွာတွင် ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများအနေဖြင့် ကျေးရွာအုပ်စု အတွင်း ဆေးပေးခန်းရှိပြီး ၊ ကျေးရွာ နှင့် (၇) မိုင်ကျော်အကွာတွင် မအူပင်မြို့ပြည်သူ့ ဆေးရုံတည်ရှိပြီး ကျေးရွာတွင် ဖွဲ့စည်းထားသော တုနိုင်းမရမေတ္တာ နာရေးကူညီမှုအသင်းအဖွဲ့များလည်း ရှိသဖြင့် ကျန်းမာရေးနှင့် ပတ်သက်၍ အခက်အခဲမရှိ ကြောင်း တွေ့ရှိရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ရေကျော်ကျေးရွာတွင် ပညာတက်မြောက်မှုနှုန်းမှာ အသင့်အတင့်မျှသာ ကောင်းမွန်စွာ တက်မြောက်ကြောင်း တွေ့ရရှိပါသည်။ ပညာရေးကို ဦးစားမပေးကြပဲ စီးပွားရေးကိုသာ အဓိကထား

လုပ်ကိုင်သည်ကို တွေ့ရှိရပါသည်။ နို့စို့အရွယ်(၁၇)ဦး နှင့် (၅)နှစ်အောက် ကလေးငယ်(၄၇)ဦးရှိပါကြောင်း သိရှိရပါသည်။

ရေကျော်ကျေးရွာ၌ လက်ရှိကျောင်းတက်နေသော စာရင်းအရ မူလတန်းတွင်(၉၂)ဦး၊ အလယ်တန်းတွင် (၁၆)ဦး ၊ အထက်တန်း (၉)ဦး ၊ တက္ကသိုလ်တွင် (၁၁)ဦး စုစုပေါင်း ကျောင်းသား/ သူပေါင်း (၁၂၈)ဦးရှိပါသည်။

ရေကျော်ကျေးရွာတွင် စတုရန်းပေ(၁၂၅၀') မူလတန်းလွန် စာသင်ကျောင်းရှိပါသည်။ ကျောင်းဆရာ၊ ဆရာမဦးရေမှာ ကျား(၁)ဦး ၊ မ(၄)ဦး စုစုပေါင်း (၅)ဦးရှိပြီး ကျောင်းဆရာ/ဆရာမ နှင့် ကျောင်းသား/ သူအင်အားမှာ မျှတမှုရှိပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ရေကျော်ကျေးရွာရှိ ကျား၊မရေးရာ အခန်းကဏ္ဍပါဝင်နှင့်ပတ်သက်၍ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက်သော်လည်း အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း၊ ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ ကျေးရွာစီမံအုပ်ချုပ်မှု စနစ်တွင် အမျိုးသမီးများတက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှုနည်းပါးကြောင်း ၊ အမျိုးသမီးများအား အကြမ်းဖတ်မှုများ မရှိသလောက် နည်းပါးပြီး အမျိုးသမီး ရေးရာ အကြမ်းဖတ်မှုများတွင် ဥပဒေ နှင့် တရားမျှတမှု ဆိုင်ရာများ အတွက် လူထုနေ အသိအမြင် ရှိပါကြောင်း တွေ့ရှိပါသည်။

ရေကျော်ကျေးရွာသည် လယ်ယာနှင့်ခြံလုပ်ငန်းအဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့် လယ်လုပ်ငန်းတွင် ရာသီအလိုက်နေ့စားလုပ်ကိုင်ကြသည့် ယောက်ျားလေးများ၏ လုပ်အားခနှုန်းထား အများဆုံးမှာ (၁၂၀၀၀)ကျပ်၊ အနည်းဆုံးမှာ(၈၀၀၀)ကျပ်၊ မိန်းကလေးများ၏ လုပ်အားခနှုန်းထား အများဆုံးမှာ (၁၂၀၀၀)ကျပ်၊အနည်းဆုံးမှာ(၈၀၀၀)ကျပ် အမျိုးသားနှင့်အမျိုးသမီးများ ခွဲခြားဆက်ဆံမှု မရှိပဲ လုပ်အားစိုက်ထုတ်မှုပေါ်မူတည်၍ အနည်းငယ် ကွာခြားမှုရှိကြောင်း တွေ့ရှိရပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ရေကျော်ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပက(ဘာသာရေး)၊ တုန့်ပြန်မှုမရမေတ္တာ လူမှုကူညီရေးအဖွဲ့ ၊ ဝတ်ရွတ်အဖွဲ့ တို့ရှိပြီး လူမှုရေး၊ စီးပွားရေး၊ သာရေး၊ နာရေး ကိစ္စရပ်များ တွင် လူကြီး၊လူငယ်၊ ကျား၊မ ပူးပေါင်း ဆောင်ရွက်တတ်သည့် အလေ့အကျင့် ကောင်းများရှိပါသည်။ ကျေးရွာသူ/ကျေးရွာသားများသည် ကရင်လူမျိုးအများစုဖြစ်ကြပြီး ကျေးရွာတွင် ရွာဦးစေတီ၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း တို့လည်းရှိပါသောကြောင့် ကျေးရွာ၏ အခြေခံအဆောက်အဦ သင့်တင့် ကောင်းမွန်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စိုက်ပျိုးမြေကေ(၇၂၅)ကေရှိပြီး နွေစပါးစိုက်ကေ (၅၅၂)ကေရှိပြီး စပါး ပျမ်းမျှ (၁၀၀)တင်း ထွက်ရှိကြောင်း၊ မတ်ပဲစိုက်ကေ (၅၀)ကေရှိပြီး ပျမ်းမျှ (၁၀)တင်းထွက်ရှိကြောင်း၊ စပါး နှင့် အခြားသီးနှံကုန်များလည်း စိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ရေကျော်ကျေးရွာ၏ သီးနှံအထွက်နှုန်းကောင်းစေရန်အတွက် အခွင့်အလမ်းကောင်းများမှာ လယ် အဓိက စိုက်ပျိုးသော ကျေးရွာဖြစ်သဖြင့် လယ်မြေကိုကောင်းစွာအသုံးချကြခြင်း၊ စိုက်ပျိုးရေး အတွက် လို အပ်သော ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓာတု ဗေဒသွင်းအားစုများ အလွယ်တကူ ရရှိနိုင်ခြင်း၊ အလုပ်သမားရနိုင်ခြင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သောသွင်းအားစုရေကို မြစ်ရေ/ ချောင်းရေတို့မှတိုက်ရိုက်ရရှိနိုင်ခြင်း၊ လယ်မြေဆီလွှာ သင့်တင့်ကောင်းမွန်ခြင်းတို့ဖြစ်ကြပါသည်။

ကျေးရွာသည် သီးနှံထုတ်ကုန်များစိုက်ပျိုးထုတ်လုပ်ရာတွင် လက်တွန်းထွန်စက်များ ၊ ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ရေစုပ်စက်များအသုံးပြု၍ ထုတ်ကုန်များရရှိရန် အသုံးပြုကြပါသည်။ ချေးငွေ နှင့်ငွေကြေးဝန်ဆောင်မှုမှာလည်း စိုက်ပျိုးရေးအတွက်ရရှိပါသည်။ စိုက်ပျိုးရေးသီးနှံမျိုးစေ့များ ဝယ် ယူရရှိပါသည်။

ရေကျော်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ ဆိတ်မွေးမြူသော အိမ်ထောင်စု(၂)စု အကောင်ရေ(၄၀)မွေးမြူထားရှိကြောင်း တွေ့ရှိရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ရေကျော်ကျေးရွာသည် စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အခြားအသက်မွေးဝမ်း ကျောင်းလုပ်ငန်းများလုပ်ကိုင်သောအိမ်ထောင်စုများသည် နေ့စားကျပန်းအလုပ်လုပ်ကိုင်ကြခြင်း၊ အ ရောင်းအဝယ်လုပ်ငန်းများ၊ အစိုးရဝန်ထမ်းများ၊ ဒေသထွက်ကုန်များအား အခြားမြို့များသို့ ကယ်ရီပို့ ဆောင်ခြင်းအလုပ်လုပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြကြောင်း လေ့လာတွေ့ရှိ ရပါသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ရေကျော်ကျေးရွာတွင် မြေဩဇာများ အသင့်အတင့်သာရှိပြီး မျိုးစေ့ မျိုးကောင်းများရနိုင်ခြင်း ၊ ပိုးမွှားအန္တရာယ်ကောင်းစွာ ထိန်းချုပ်နိုင်းခြင်းတို့ကြောင့် လယ်ယာစိုက်ခင်းများတွင် ဖျက်ပိုးကျ ရောက်မှုနည်းပါကြောင်း၊ ဖျက်ပိုးကျရောက်မှုကိုကာကွယ်ရန် သဘာဝမြေဩဇာသုံးစွဲမှု နည်းပါးပြီး အလွယ်တကူ အသုံးပြုနိုင်သော ပိုးသတ်ဆေးများကိုသာ အသုံးပြုလေ့ ရှိကြောင်း တွေ့ရှိရပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ရေကျော်ကျေးရွာတွင် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာ မြေပိုင်ဆိုင်သူများကိုသာ ထုတ်ချေးပြီး တစ်ကေလျှင် (၁၅၀၀၀၀)ကျပ်နှုန်း ထုတ်ချေးပါသည်။ အများဆုံးထုတ်ချေးသည့် ကေမှာလယ်သမား(၁)ဦးလျှင်(၁၀)ကေဖြစ်ပါသည်။ ထုတ်ချေးသည့် ကာလမှာ(၁၁)လ ဖြစ်ပါသည်။

မိတ်ဆွေများထံမှ ထုတ်ချေးလျှင် (၅)ကျပ်မှ (၁၀)ကျပ်အထိ အတိုးနှုန်း ဖြင့် ချေးယူရကြောင်း တွေ့ရှိရပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ရေကျော်ကျေးရွာတွင် ပညာတက်မြောက်မှုနှုန်းမှာ အသင့်အတင့်မျှသာ ကောင်းမွန်စွာ တက်မြောက်ကြောင်း တွေ့ရရှိပါသည်။ ပညာရေးကို ဦးစားမပေးကြပဲ စီးပွားရေးကိုသာ အဓိကထား လုပ်ကိုင်သည်ကို တွေ့ရှိရပါသည်။နို့စို့အရွယ်(၁၇)ဦးနှင့် (၅)နှစ်အောက် ကလေးငယ်(၄၇)ဦးရှိပါကြောင်းသိရှိရပါသည်။လက်ရှိကျောင်းတက်နေသော စာရင်းအရ မူလတန်းတွင်(၉၂)ဦး၊ အလယ်တန်းတွင် (၁၆)ဦး ၊ အထက်တန်း (၉)ဦး ၊တက္ကသိုလ်တွင်(၁၁)ဦး စုစုပေါင်း ကျောင်းသား/ သူပေါင်း (၁၂၈)ဦး ရှိပါသည်။

ရေကျော်ကျေးရွာတွင် သာမန် ရာသီဖျားရောဂါများမှလွဲပြီး အခြားရောဂါဘယဖြစ်ပွားမှု နည်းကြောင်း၊ ရာသီတုအလိုက်ဖြစ်တတ်သည့် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုတ်ကွေး၊ နှာစေး ချောင်းဆိုးရောဂါဖြစ်ပွားမှု အနည်းအကျဉ်းရှိသော်လည်း ပျံ့နှံ့ကူးစက်မှုမရှိပါ။

ကျေးရွာတွင် သောက်သုံးရေရရှိမှုအနေဖြင့် အဆင်ပြေသည့် အိမ်ထောင်စုအနည်းငယ်တွင် သောက်ရေကို ရေသန့်ဝယ်ယူသောက်သုံးနေကြပြီး အများစုသည် မြစ်ချောင်းရေကိုသာ အဓိကထား သောက်သုံး ကြသည်ကို တွေ့ရှိရပါသည်။

ရေကျော်ကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် ရေလောင်းယင်လုံ အိမ်သာသုံးစွဲကြကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

ရေကျော်ကျေးရွာတွင်းရှိ လူငယ်များသည် သာရေး၊ နာရေးနှင့် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များတွင်တက်တက်ကြွကြွဆောင်ရွက်ကြသည်။ ကျေးရွာတစ်ရွာလုံး ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသောကြောင့် ဘုရားပွဲများ၊ ရွာဘုံကထိန်ပွဲများ နှစ်စဉ်ကျင်းပဆောင်ရွက်ကြကြောင်း လေ့လာတွေ့ ရှိရပါသည်။

**(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင် ကုန်ထုတ်လမ်းသည် မြေသားလမ်းဖြစ်နေသောကြောင့် ပွင့်လင်းရာသီတွင်သာ သွားလာရန် အဆင်ပြေသော်လည်း မိုးရာသီတွင် သွားလာရန် အခက်အခဲရှိနေပါကြောင်း တွေ့ရှိ ရပါသည်။

ရေကျော်ကျေးရွာသည် လက်ရှိတွင် မဟာဓာတ်အားလိုင်းအသုံးပြုသူ အိမ်ထောင်စု (၁၀၈)အိမ် ၊ ဆိုလာစနစ်(၈၁)အသုံးပြုကြပြီး ကျန်အိမ်ထောင်စု အနည်းငယ်မှာ ဘတ္တရီအိုးများကို နီးစပ်ရာဆွေမျိုးသားချင်းများထံ ဆိုလာဖြင့် အားသွင်းနေရပါကြောင်း တွေ့ရ ပါသည်။

ကျေးရွာတွင် ဖုန်း၊ ရေဒီယို၊ တီဗွီ၊ အင်တာနက်အသုံးပြုနိုင်သည့်အတွက်ဆက်သွယ်ရေး နှင့်သတင်းအချက်အလက် နည်းပညာအခြေအနေ အသင့်အတင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

ကျေးရွာသည် မအူပင်မြို့သို့ ခရီးသွား/ဈေးရောင်းဝယ် ပြုလုပ်သူများရှိပြီး ဆိုင်ကယ်ကယ်ရီဖြင့်လည်းကောင်း ၊ ကိုယ်ပိုင်ဆိုင်ကယ်ဖြင့်လည်းကောင်း သွားလာ နေကြကြောင်း တွေ့ရှိရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ရေကျော်ကျေးရွာတွင် လူကုန်ကူးမှုနှင့် အကြမ်းဖက်မှုများ လုံးဝ မရှိပါ။ မူးယစ်ဆေးသုံးစွဲမှု နှင့်ပတ်သက်၍ လူငယ်များအရက်သောက်ခြင်း အနည်းငယ်သာရှိပါသည်။ခိုးမှုများမှာလည်း မရှိသလောက်နည်းပါး ကြောင်းတွေ့ရှိရပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ရေကျော်ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ အမျိုး သမီးအဖွဲ့၊ လူငယ်အဖွဲ့တို့ရှိပြီး ကျေးရွာသူ/ကျေးရွာသားများ အားလုံး အသင်းနှင့် ပေါင်းစပ်၍ သာရေးနာရေး ကိစ္စအဝဝ ပူးပေါင်းဆောင်ရွက်သောကြောင့် ပူးပေါင်း ဆောင်ရွက်၍ အား ကောင်းပါကြောင်း တွေ့ရှိရပါသည်။

ဘုန်းတော်ကြီးကျောင်း၊ကျေးရွာစာသင်ကျောင်း၊ ရွာတွင်းလမ်းများရှိပါသောကြောင့် အခြေခံအဆောက်အဦ သင့်တင့်ကောင်းမွန်မှုရှိပါသည်။ကျေးရွာတွင် ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများအနေဖြင့် ရွာအနီးကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိခြင်း၊ ကျေးရွာနှင့်(၂)မိုင်ကျော်အကွာတွင် ပြည်သူ့ဆေးရုံကြီးရှိပြီး လိုအပ်သောအခန်းကုတင်များ ပြည့်စုံပါသောကြောင့် ကျန်းမာရေး နှင့်ပတ်သက်၍ အခက်အခဲ မရှိပါကြောင်း တွေ့ရှိရပါသည်။ လူငယ်များသည် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများလည်း အမျိုးသားများနှင့် အတူပေါင်းစပ်လုပ်ကိုင် ဆောင်ရွက်ကြပါကြောင်း လေ့လာတွေ့ ရှိရပါသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ရေကျော်ကျေးရွာအတွင်းရှိ ကျေးရွာတွင်းလမ်း မှာ ကွန်ကရစ်လမ်းဖြစ်ပြီး လက်ရှိလမ်းအားကျဉ်းမြောင်း၍ ရာသီမရွေးဖြတ်သန်းသွားလာနိုင်သော်လည်း လမ်းများတိုးချဲ့မည်ဆိုပါက ကျေးရွာ

ဆက်သွယ်သွားလာရေးတွင် သာမက ယာဉ်များ ၊ သုံးဘီးကားများ လယ်ယာကုန်ထုတ်ယာဉ်များ အတိမ်အရှောင် အဆင်ပြေစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(က.၁) ကျေးရွာဆိုင်းဘုတ်တည်ဆောက်ခြင်း

(က.၂) ကျေးရွာခန်းမဆောင်နှင့် IT centerတည်ဆောက်ခြင်း

(က.၃) ကျေးရွာသတင်းအချက်အလက်များ စင်တာထူထောင်ရန် အင်တာနက် တပ်ဆင်ခြင်း နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်း

(က.၄) ကျေးရွာတွင်း အဝင်ကွန်ကရစ်လမ်း(၄’)တိုးချဲ့ခြင်း

(က.၅) ကျေးရွာတွင်း ကွန်ကရစ်လမ်း(၃’)တိုးချဲ့ခြင်း

(က.၆) ကျေးရွာတွင်း ကွန်ကရစ်လမ်း(၄’)တိုးချဲ့ခြင်း

(က.၇) ရွာခွဲရွာအဝင် ကွန်ကရစ်လမ်းခင်းခြင်း

(က.၈) ကျောင်းခြံစည်းရိုးမျက်နှာစာ(အုတ်ဖြင့်)ကာရံခြင်း

(က.၉) လမ်းမီးတိုင်စိုက်ထူခြင်း ၊ မီးကြိုးသွယ်တန်းခြင်း

(က.၁၀) စိုက်ပျိုးရေးရေမြောင်းပြုပြင်ဖော်ခြင်း

(က.၁၁) ရေသန့်စင်စနစ်ဆောင်ရွက်ခြင်းလုပ်ငန်း

(က.၁၂) ဆိုလာရေတင်စနစ်တည်ဆောက်ခြင်း

(က.၁၃) ကော်ဖီပင်စိုက်ပျိုးနိုင်ရေး ပင်ပေါက်ထောက်ပံ့ပေးခြင်း

(က.၁၄) တိရစ္ဆာန်ကျန်းမာရေး (ကာကွယ်ဆေး)စောင့်ရှောက်မှုပေးခြင်း

(က.၁၅) စိုက်နည်းစနစ်နှင့် မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးပေးစေလိုခြင်း

(က.၁၆) ပိုက်ဆံလျှော်မျိုးစေ့ထုတ်လုပ်နိုင်ရေးဆောင်ရွက်ခြင်း

(က.၁၇) ကျေးလက်စီးပွားမြင့်မားရေးစီမံကိန်း (RBF)ဆောင်ရွက်ခြင်း

(က.၁၈) အခြေခံမော်တော်ဆိုင်ကယ်ထိန်းသိမ်းနည်းသင်တန်း

(က.၁၉) ဆပ်ပြာပြုလုပ်နည်းသင်တန်း

(က.၂၀) မုန့်ပြုလုပ်နည်းသင်တန်း

(က.၂၁) ပန်းအလှထိုးနည်းသင်တန်း

(က.၂၂) အခြေခံစက်ချုပ်သင်တန်း

(က.၂၃) ခေတ်မီစံပြကျေးရွာ(Smart village) စီမံကိန်း ကော်မတီ ဖွဲ့စည်းခြင်း

(က.၂၄) ကျေးလက်စီးပွားမြင့်မားရေးစီမံကိန်း(RBF)ကော်မတီဖွဲ့စည်းခြင်း

(က.၂၅) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီးမံကိန်း(VDP)ကော်မတီ ဖွဲ့စည်းခြင်း

(က.၂၆) မီးဘေးကြိုတင်ကာကွယ်ရေးပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း

(က.၂၇) ခေတ်မီစံပြကျေးရွာဆောင်ရွက်သည့် အခြား မြို့နယ်သို့ လေ့လာရေးခရီးသွားရောက်ခြင်း

(က.၂၈) ကိုယ်ဝန်ဆောင်မိခင်နှင့်(၂)နှစ်အောက်ကလေးသူငယ်များအား ငွေကြေး ထောက်ပံ့ပေးခြင်း

(က.၂၉) အသက်(၈၅)နှစ်အထက် သက်ကြီးရွယ်အိုများအား ငွေကြေး ထောက်ပံ့ခြင်း

(က.၃၀) ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာအသိပညာပေးဟောပြောပွဲ

(က.၃၁) ကျန်းမာရေးအသိပညာပေးဟောပြောပွဲ

(က.၃၂) အမျိုးသမီးအကြမ်းဖက်မှုပပျောက်ရေးဟောပြောပွဲ

(က.၃၃) သက်ငယ်မုဒိန်းပျောက်ရေး အသိပညာပေးဟောပြောပွဲ

(က.၃၄) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအသိပညာပေးဟောပြောပွဲ

(က.၃၅) လူကုန်ကူးမှုတိုက်ဖျက်ရေးအသိပညာပေးဟောပြောပွဲ

(က.၃၆) အခမဲ့အဟာရတိုက်ကျွေးအစီအစဉ်ဆောင်ရွက်ရန်

(က.၃၇) သဘာဝပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ

(က.၃၈) မူကြိုနှင့် နေ့ကလေးထိန်းဌာနထူထောင်ပေးခြင်း

(က-၃၉) မိခင်ဝိုင်းပြုလုပ်ခြင်း

(က.၄၀) ကျေးရွာအဝင် ဆိုင်းဘုတ်သာသာယာလှပရေးဆောင်ရွက်ခြင်း

(က.၄၁) အဖုံးပါအမှိုက်ပုံး အစို/အခြောက်အတွဲဝယ်ယူခြင်း

(က.၄၂) ပျိုးဥယျာဉ်တည်ဆောက်ခြင်း

(က.၄၃) အမှိုက်မီးရှို့စင်ပြုလုပ်ခြင်း

(က.၄၄) ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှု လုပ်ငန်းများဆောင်ရွက်ခြင်း

(က.၄၅) လမ်းဘေးဝဲ/ယာ ပန်းအလှပင်များစိုက်ပျိုးခြင်း

(က.၄၆) အိမ်ခြံဝန်းများစနစ်တကျ ခြံစည်းရိုးကာရံခြင်း

(က.၄၇) ရွာအဝင်လမ်းဘေး ဝဲယာ အရိပ်ရပင်စိုက်ပျိုးခြင်း

(က.၄၈ အမှိုက်သိမ်းတွန်းလှည်းဝယ်ယူခြင်း

(က.၄၉) အပန်းဖြေနေရာတည်ဆောက်ခြင်း

(က.၅၀) အရိပ်ရပင်များစိုက်ပျိုးခြင်း

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်

ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကိုသက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များများနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က)ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရ ထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင်အား ထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ် များကိုလည်းသတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များ နှင့် ဘတ်ဂျတ်ပမာဏ ပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ်သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည်နှစ်နှစ်၊သုံးနှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲ မှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ် တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက်ဆောင်ရွက်ဘွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ ရင်းနှီး မြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်း အခြားများကို သိရှိစေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီ များရရှိရန်လည်းလိုအပ်ပါသည်။

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထား သည့်ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အတိုင်းအတာ | ၂၀၂၄-၂၀၂၅ | ၂၀၂၅-၂၀၂၆ | ၂၀၂၆-၂၀၂၇ | ၂၀၂၇-၂၀၂၈ | ၂၀၂၈-၂၀၂၉ |
|---|---|---|---|---|---|---|---|
| | **ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးကဏ္ဍ** | | | | | | |
| ၁ | ကျေးရွာဆိုင်းဘုတ်တည်ဆောက်ခြင်း | ၁၀'x၈'x၉' | Â | | | | |
| ၂ | ခန်းမဆောင်တည်ဆောက်ခြင်း | ၂၀'x၄၀'x၁၀' | Â | | | | |
| ၃ | ကျေးရွာသတင်းအချက်အလက်များစင်တာထူထောင် | Laptop (၁)လုံး | Â | | | | |
| | ရန် အင်တာနက်တပ်ဆင်ခြင်းနှင့်ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်း | Wifi Routerနှင့် အင်တာနက်တပ် ဆင်ခြင်း | Â | | | | |
| ၄ | ကျေးရွာကွန်ကရစ်လမ်းခင်းခြင်း(လိုတရလမ်း) | ၈၆၀'x၈'x၆" | Â | | | | |
| ၅ | အမှိုက်စွန့်ပစ်နေရာသို့အဝင်လမ်း(ကွန်ကရစ်ဘီး) | ၂(၅၀၀'x၂.၅'x၆" ) | | Â | | | |
| ၆ | ကျေးရွာကိုယ်ပိုင်စျေးအဆောက်အဦတည်ဆောက်ခြင်း | ၃၀' x ၆၀' | | Â | | | |
| ၇ | ကျေးရွာကွန်ကရစ်လမ်းခင်းခြင်း(ပါရမီလမ်းသွယ်) | ၉၀၀'x၆'x၆" | | Â | | | |
| ၈ | ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အဦ | ၄၀'x၆၀' | | Â | | | |
| ၉ | ကျေးရွာစာကြည့်တိုက် | ၂၀'x၃၀' | | Â | | | |
| ၁၀ | ကျေးရွာစျေးသန့်စင်ခန်းဆောက်လုပ်ခြင်း | ၁၂'x ၁၂'x၉' | | | Â | | |
| ၁၁ | ရေသန့်စင်စက်ဝယ်ယူခြင်း(စာသင်ကျောင်း) | ၁ယူနစ် | | | Â | | |
| ၁၂ | သဂြိုလ်စက်အဆင့်မြှင့်တင်ခြင်းနှင့်အအေးခေါင်းဝယ်ယူခြင်း | | | | Â | | |
| ၁၃ | ကျေးရွာချင်းလမ်းဆက်ကွန်ကရစ်ခင်းခြင်း (တော်လနန်း) | ၁၁၀၀'x၈'x၆" | | | Â | | |
| ၁၄ | ကျေးရွာချင်းလမ်းဆက်ကွန်ကရစ်ခင်းခြင်း (တော်လနန်း) | ၁၁၀၀'x၈'x၆" | | | | Â | |
| ၁၅ | ချောင်းမြောင်းများတူးဖော်ခြင်း | | | | | Â | |
| ၁၆ | ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်တင်ခြင်း (ဗန္ဓုလလမ်း) | ၁၀၀၀'x၈'x၆" | | | | | Â |
| ၁၇ | အားကစားကွင်း | | | | | | Â |
| | **သွင်းအားစုနှင့်ငွေကြေးဝန်ဆောင်မှုများထောက်ပံ့ကူညီခြင်း** | | | | | | |
| ၁ | မြစိမ်းရောင်စီမံကိန်း | ငွေကြေးအရင်းအနှီး | Â | | | | |
| ၂ | ကော်ဖီမျိုးပင်လိုအပ်ခြင်း | အပင်(၈၀၀) | Â | | | | |
| ၃ | ထွန်စက် | ၁စီး | | Â | | | |
| ၄ | တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ခြင်း | | | Â | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | ဓာတ်မြေသြဇာထောက်ပံ့ခြင်း | ၆၀ဧက | | Â | | | |
| ၆ | မီတာပုံး( ၇၀) လုံးလိုအပ်ခြင်း | | | | Â | | |
| ၇ | မြေဆီလွှာတိုင်းတာခြင်း | | | | Â | | |
| ၈ | ပိုက်ဆံလျှော်မျိုးစေ့ထုတ်စိုက်ပျိုးခြင်း | | | | | Â | |
| ၉ | တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ခြင်း | | | | | | Â |
| | **အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားမြင့်မားစေရေးလုပ်ငန်းများကဏ္ဍ** | | | | | | |
| ၁ | ကျေးလက်စီးပွားမြင့်မားရေးစီမံကိန်း(RBF) | ငွေကြေး အရင်းအနှီး | Â | | | | |
| ၂ | စိုက်ပျိုးရေးအသိပညာပေးသင်တန်း | | Â | | | | |
| ၃ | အခြေခံမွေးမြူရေးပညာပေးသင်တန်း | | Â | | | | |
| ၄ | ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးပညာပေးသင်တန်း | | Â | | | | |
| ၅ | ဆိုင်ကယ်ပြင်သင်တန်း | ၂၀ | | Â | | | |
| ၆ | တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်း | ၂၀ | | | Â | | |
| ၇ | မွေးမြူရေးပညာပေးသင်တန်း | ၃၀ဦး | | | | Â | |
| ၈ | ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးပညာပေးသင်တန်း | ၃၀ဦး | | | | | Â |
| | **အသင်းအဖွဲ့များနိုင်မာအားကောင်းစေခြင်း နှင့်နည်းပညာဖြန့်ဖြူးခြင်း** | | | | | | |
| ၁ | ဒေသလုံခြုံရေးအဖွဲ့ဖွဲ့စည်းခြင်း | | Â | | | | |
| ၂ | ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်း | ၉ဦး | Â | | | | |
| ၃ | ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းကော်မတီဖွဲ့စည်းခြင်း | ၉ဦး | Â | | | | |
| ၄ | ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း | ၉ဦး | Â | | | | |
| ၅ | ကျေးလက်စီးပွားမြင့်မာရေးရန်ပုံငွေလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း | | Â | | | | |
| ၆ | ဇီဝလုံခြုံမှုသင်တန်း | ၃၀ဦး | Â | | | | |
| ၇ | တိရစ္ဆာန်မွေးမြူထုတ်လုပ်မှုပညာပေးဟောပြောပွဲ | ၃၀ဦး | Â | | | | |
| ၈ | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်း | ၉ဦး | Â | | | | |
| ၉ | ကျေးရွာအရံမီးသပ်တပ်ဖွဲ့ ဖွဲ့စည်းခြင်း | ၁၅ဦး | Â | | | | |
| ၁၀ | မီးဘေးကြိုတင်ကာကွယ်ရေးပညာပေး ဟောပြောခြင်းနှင့်ဓာတ်တိုက်လေ့ကျင့်ခြင်း | ၁၅ဦး | Â | | | | |
| ၁၁ | ကွန်ပျူတာသင်တန်း | ၂၀ဦး | | Â | | | |
| ၁၂ | ပရဟိတအသင်းအဖွဲ့များနိုင်မာအားကောင်းစေရေးအသိပ | | | Â | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၃ | ညာပေးဟောပြောပွဲ<br>အခြေခံစက်ချုပ်သင်တန်း | ၂၀ | | | Â | | |
| ၁၄ | မိခင်ဝိုင်းပြုလုပ်ခြင်း | | | | | | |
| ၁၅ | တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း | ၂၀ | | | | Â | |
| ၁၆ | ကြက်ခြေနီရှေးဦးသူနာပြုစုနည်းသင်တန်းပေးခြင်း | | | | | | Â |
| | **လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကဏ္ဍ** | | | | | | |
| ၁ | ကိုယ်ဝန်ဆောင်မိခင်များနှင့်(၂)နှစ်အောက်ကလေးများ အား ငွေကြေးထောက်ပံ့ခြင်း | ၄၉ဦး | Â | | | | |
| ၂ | အသက်(၈၅)နှစ်အထက် သက်ကြီးရွယ်အိုများအား ငွေကြေးထောက်ပံ့ခြင်း | ၁၄ဦး | Â | | | | |
| ၃ | ဓမ္မစကူးလ်သင်တန်းတွင် အခမဲ့အာဟာရကျွေးမွေးခြင်း | | Â | | | | |
| ၄ | သဘာဝပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ | | Â | | | | |
| ၅ | ယာဉ်စည်းကမ်း/လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ | | Â | | | | |
| ၆ | ကျန်းမာရေးအသိပညာပေးဟောပြောပွဲ | | Â | | | | |
| ၇ | အမျိုးသမီးအကြမ်းဖက်မှုပပျောက်ရေးဟောပြောပွဲ | | Â | | | | |
| ၈ | ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအသိပ ညာပေးဟောပြောပွဲ | | Â | | | | |
| ၉ | ကိုယ်ဝန်ဆောင်မိခင်များနှင့်(၂)နှစ်အောက် ကလေးများအား ငွေကြေးထောက်ပံ့ခြင်း | | | | Â | | |
| ၁၀ | အသက်(၈၅)နှစ်အထက် သက်ကြီးရွယ်အိုများအား ငွေကြေးထောက်ပံ့ခြင်း | | | | Â | | |
| ၁၁ | ကျား/မရေးရာဟောပြောပွဲ | | | | Â | | |
| ၁၂ | ကိုယ်ဝန်ဆောင်မိခင်များနှင့်(၂)နှစ်အောက် ကလေးများအား ငွေကြေးထောက်ပံ့ခြင်း | | | | | Â | |
| ၁၃ | အသက်(၈၅)နှစ်အထက် သက်ကြီးရွယ်အိုများအား ငွေကြေးထောက်ပံ့ခြင်း | | | | | Â | |
| ၁၄ | သဘာဝဘေးကြိုတင်ကာကွယ်ခြင်းအသိပညာပေးဟော ပြောပွဲ | | | | | Â | |
| ၁၅ | ကိုယ်ဝန်ဆောင်မိခင်များနှင့်(၂)နှစ်အောက် ကလေးများအား ငွေကြေးထောက်ပံ့ခြင်း | | | | | | Â |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၆ | အသက်(၈၅)နှစ်အထက် သက်ကြီးရွယ်အိုများအား ငွေကြေးထောက်ပံ့ခြင်း | | | | | | Â |
| ၁၇ | လူကုန်ကူးမှုတိုက်ဖျက်ရေးအသိပညာပေးဟောပြောပွဲ | | | | | | Â |
| | **သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး** | | | | | | |
| ၁ | အဖုံးပါအမှိုက်ပုံး အစုံ/အခြောက်အစွဲဝယ်ယူခြင်း | ၁၅စုံ | Â | | | | |
| ၂ | အမှိုက်မီးရှို့စင်ပြုလုပ်ခြင်း | (3' Ø x 13' | Â | | | | |
| ၃ | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ခြင်း | | Â | | | | |
| ၄ | လမ်းဘေးဝဲ/ယာ ပန်းအလှပင်များစိုက်ပျိုးခြင်း | | Â | | | | |
| ၅ | ရွာအဝင်ဆိုင်းဘုတ်သာယာလှပရေးဆောင်ရွက်ခြင်း | | Â | | | | |
| ၆ | ကော်ဖီပင်စိုက်ပျိုးခြင်း | | Â | | | | |
| ၇ | တစ်အုပ်တစ်မစိုက်ခင်းနှင့်အရိပ်ရပင်များစိုက်ပျိုးခြင်း | | Â | | | | |
| ၈ | အိမ်ခြံဝန်းများစနစ်တကျခြံစည်းရိုးကာရန်ခြင်း | | Â | | | | |
| ၉ | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း | | | Â | | | |
| ၁၀ | အိမ်ခြံဝန်းများစနစ်တကျခြံစည်းရိုးကာရန်ခြင်း | | | Â | | | |
| ၁၁ | အမှိုက်သိမ်းတွန်းလှည်းဝယ်ယူခြင်း | | | Â | | | |
| ၁၂ | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ခြင်း | | | | Â | | |
| ၁၃ | အစိမ်းရောင်ဖွံ့ဖြိုးရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ | | | | Â | | |
| ၁၄ | ပိုက်ဆံလျှော်စိုက်ပျိုးခြင်း | | | | | Â | |
| ၁၅ | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း | | | | | | Â |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင် ရာအဖွဲ့များ အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက် ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက် ပမာ ဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှုဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

# စီမံချက်ဘတ်ဂျတ်

| စဉ် | စီမံချက် | ရန်ပုံငွေ (သန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသား ချင်းစာနာမှုဆိုင် ရာထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်း သုံးစရိတ် | စွမ်းဆောင်ရည် မြှင့်တင်ရေး | |
| 1. | ကျေးရွာဆိုင်းဘုတ်တည်ဆောက်ခြင်း | ၁.၀ | | | | |
| 2. | ခန်းမဆောင်တည်ဆောက်ခြင်း | ၁၉.၅ | | | | |
| 3. | ကျေးရွာသတင်းအချက်အလက်များစင်တာထူထောင်ရန်အင်တာနက်တပ်ဆင်ခြင်းနှင့်ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း | ၃.၀ | | | | |
| 4. | ကျေးရွာကွန်ကရစ်လမ်းခင်းခြင်း(လိုတရလမ်း) | ၁၈ | | | | |
| 5. | အမှိုက်စွန့်ပစ်နေရာသို့အဝင်လမ်း(ကွန်ကရစ်ဘီး) | | | | | |
| 6. | ကျေးရွာကိုယ်ပိုင်ဈေးအဆောက်အဦတည်ဆောက်ခြင်း | | | | | |
| 7. | ကျေးရွာကွန်ကရစ်လမ်းခင်းခြင်း(ပါရမီလမ်းသွယ်) | | | | | |
| 8. | ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အဦ | | | | | |
| 9. | ကျေးရွာစာကြည့်တိုက် | | | | | |
| 10 | ကျေးရွာဈေးသန့်စင်ခန်းဆောက်လုပ်ခြင်း | | | | | |
| 11 | ရေသန့်စင်စက်ဝယ်ယူခြင်း(စာသင်ကျောင်း) | | | | | |
| 12 | သဂြိုလ်စက်အဆင့်မြှင့်တင်ခြင်းနှင့်အအေးခေါင်းဝယ်ယူခြင်း | | | | | |
| 13 | ကျေးရွာချင်းလမ်းဆက်ကွန်ကရစ်ခင်းခြင်း (တော်လနန်း) | | | | | |
| 14 | ကျေးရွာချင်းလမ်းဆက်ကွန်ကရစ်ခင်းခြင်း (တော်လနန်း) | | | | | |
| 15 | ချောင်းမြောင်းများတူးဖော်ခြင်း | | | | | |
| 16 | ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်တင်ခြင်း (ဗန္ဓုလလမ်း) | | | | | |
| 17 | အားကစားကွင်း | | | | | |
| 18 | မြစိမ်းရောင်စီမံကိန်း | | | | | |
| 19 | ကော်ဖီမျိုးပင်လိုအပ်ခြင်း | ၃၀ | | | | |
| 20 | ထွန်စက် | | | | | |
| 21 | တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ခြင်း | | | | | |
| 22 | ဓာတ်မြေသြဇာထောက်ပံ့ခြင်း | | | | | |
| 23 | မီတာပုံး( ၇၀) လုံးလိုအပ်ခြင်း | | | | | |
| 24 | မြေဆီလွှာတိုင်းတာခြင်း | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| 25 | ပိုက်ဆံလျှော်မျိုးစေ့ထုတ်စိုက်ပျိုးခြင်း | | | | | |
| 26 | တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ခြင်း | | | | | |
| 27 | ကျေးလက်စီးပွားမြင့်မားရေးစီမံကိန်း(RBF) | ၃၀ | | | | |
| 28 | စိုက်ပျိုးရေးအသိပညာပေးသင်တန်း | | | | | |
| 29 | အခြေခံမွေးမြူရေးပညာပေးသင်တန်း | | | | | |
| 30 | ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးပညာပေးသင်တန်း | | | | | |
| 31 | ဆိုင်ကယ်ပြင်သင်တန်း | ၂.၅ | | | | |
| 32 | တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်း | ၂.၅ | | | | |
| 33 | မွေးမြူရေးပညာပေးသင်တန်း | | | | | |
| 34 | ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးပညာပေးသင်တန်း | | | | | |
| 35 | ဒေသလုံခြုံရေးအဖွဲ့ဖွဲ့စည်းခြင်း | | | | | |
| 36 | ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်း | | | | | |
| 37 | ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းကော်မတီဖွဲ့စည်းခြင်း | | | | | |
| 38 | ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း | | | | | |
| 39 | ကျေးလက်စီးပွားမြင့်မာရေးရန်ပုံငွေလုပ်ငန်းအဖွဲ့<br>ဖွဲ့စည်းခြင်း | | | | | |
| 40 | ဇီဝလုံခြုံမှုသင်တန်း | | | | | |
| 41 | တိရစ္ဆာန်မွေးမြူထုတ်လုပ်မှုပညာပေးဟောပြောပွဲ | | | | | |
| 42 | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်း | | | | | |
| 43 | ကျေးရွာအရံမီးသပ်တပ်ဖွဲ့ ဖွဲ့စည်းခြင်း | | | | | |
| 44 | မီးဘေးကြိုတင်ကာကွယ်ရေးပညာပေး<br>ဟောပြောခြင်းနှင့်ဇာတ်တိုက်လေ့ကျင့်ခြင်း | | | | | |
| 45 | ကွန်ပျူတာသင်တန်း | | | | | |
| 46 | ပရဟိတအသင်းအဖွဲ့များခိုင်မာအားကောင်းစေရေးအသိပညာ<br>ပေးဟောပြောပွဲ | | | | | |
| 47 | အခြေခံစက်ချုပ်သင်တန်း | | | | | |
| 48 | မိခင်ဝိုင်းပြုလုပ်ခြင်း | | | | | |
| 49 | တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း | | | | | |
| 50 | ကြက်ခြေနီရှေးဦးသူနာပြုစုနည်းသင်တန်းပေးခြင်း | | | | | |
| 51 | ကိုယ်ဝန်ဆောင်မိခင်များနှင့်(၂)နှစ်အောက်ကလေးများအား<br>ငွေကြေးထောက်ပံ့ခြင်း | | | | | |
| 52 | အသက်(၈၅)နှစ်အထက် သက်ကြီးရွယ်အိုများအား<br>ငွေကြေးထောက်ပံ့ခြင်း | | | | | |
| 53 | ဓမ္မစကူးလ်သင်တန်းတွင် အခမဲ့အာဟာရကျွေးမွေးခြင်း | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| 54 | သဘာဝပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ | | | | | |
| 55 | ယာဉ်စည်းကမ်း/လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ | | | | | |
| 56 | ကျန်းမာရေးအသိပညာပေးဟောပြောပွဲ | | | | | |
| 57 | အမျိုးသမီးအကြမ်းဖက်မှုပပျောက်ရေးဟောပြောပွဲ | | | | | |
| 58 | ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအသိပညာပေးဟောပြော ပွဲ | | | | | |
| 59 | ကိုယ်ဝန်ဆောင်မိခင်များနှင့်(၂)နှစ်အောက် ကလေးများအား ငွေကြေးထောက်ပံ့ခြင်း | | | | | |
| 60 | အသက်(၈၅)နှစ်အထက် သက်ကြီးရွယ်အိုများအား ငွေကြေးထောက်ပံ့ခြင်း | | | | | |
| 61 | ကျား/မရေးရာဟောပြောပွဲ | | | | | |
| 62 | ကိုယ်ဝန်ဆောင်မိခင်များနှင့်(၂)နှစ်အောက် ကလေးများအား ငွေကြေးထောက်ပံ့ခြင်း | | | | | |
| 63 | အသက်(၈၅)နှစ်အထက် သက်ကြီးရွယ်အိုများအား ငွေကြေးထောက်ပံ့ခြင်း | | | | | |
| 64 | သဘာဝဘေးကြိုတင်ကာကွယ်ခြင်းအသိပညာပေးဟောပြောပွဲ | | | | | |
| 65 | ကိုယ်ဝန်ဆောင်မိခင်များနှင့်(၂)နှစ်အောက် ကလေးများအား ငွေကြေးထောက်ပံ့ခြင်း | | | | | |
| 66 | အသက်(၈၅)နှစ်အထက် သက်ကြီးရွယ်အိုများအား ငွေကြေးထောက်ပံ့ခြင်း | | | | | |
| 67 | လူကုန်ကူးမှုတိုက်ဖျက်ရေးအသိပညာပေးဟောပြောပွဲ | | | | | |
| 68 | အဖုံးပါအမှိုက်ပုံး အစို/အခြောက်အတွဲဝယ်ယူခြင်း | ၆.၀ | | | | |
| 69 | အမှိုက်မီးရှို့စင်ပြုလုပ်ခြင်း | ၁.၅ | | | | |
| 70 | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ခြင်း | | | | | |
| 71 | လမ်းဘေးဝဲ/ယာ ပန်းအလှပင်များစိုက်ပျိုးခြင်း | | | | | |
| 72 | ရွာအဝင်ဆိုင်းဘုတ်သာယာလှပရေးဆောင်ရွက်ခြင်း | | | | | |
| 73 | ကော်ဖီပင်စိုက်ပျိုးခြင်း | | | | | |
| 74 | တစ်အုပ်တစ်မစိုက်ခင်းနှင့်အရိပ်ရပင်များစိုက်ပျိုးခြင်း | | | | | |
| 75 | အိမ်ခြံဝန်းများစနစ်တကျခြံစည်းရိုးကာရန်ခြင်း | | | | | |
| 76 | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း | | | | | |
| 77 | အိမ်ခြံဝန်းများစနစ်တကျခြံစည်းရိုးကာရန်ခြင်း | | | | | |
| 78 | အမှိုက်သိမ်းတွန်းလှည်းဝယ်ယူခြင်း | | | | | |
| 79 | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ခြင်း | | | | | |
| 80 | အစိမ်းရောင်ဖွံ့ဖြိုးရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| 81 | ပိုက်ဆံလျှော်စိုက်ပျိုးခြင်း | | | | | |
| 82 | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီး သီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ- မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော် ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များကိုလည်းရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများ ရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထား

